ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
ညွှန်ကြားချက်အမှတ်( ၁ /၂၀၁၉)

# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းတွင်ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးအတွက်လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်သူများအပေါ်အလေးထား စိစစ်ခြင်းကိုတိုးမြှင့်ဆောင်ရွက်ရန်ညွှန်ကြားချက်

၂၀၁၉ခုနှစ်၊နိုဝင်ဘာလ ၁၈ ရက်

## နိဒါန်း

၁။ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆၉၊ ပုဒ်မခွဲ(ဂ) နှင့် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၇၁ပုဒ်မခွဲ(ခ) တွင် အပ်နှင်းထားသည့်တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက်ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်များက ဆောင်ရွက်လျက်ရှိသည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းများကို တိုးမြှင့်ဆောင်ရွက်ရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

## လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ်အလေးထားစိစစ်မှုကိုတိုးမြှင့်ဆောင်ရွက်ခြင်း

၂။ ဤကော်မရှင်သည် ၁၁-၃-၂၀၁၆ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၃/၂၀၁၆) ဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ ၊ စတော့အိပ်ချိန်းနှင့် ကောင်တာဈေးကွက်တို့အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာညွှန်ကြားချက်ကိုထုတ်ပြန်ခဲ့ပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေအရ ဖွဲ့စည်းထားသော ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း၏ သတင်းပို့အဖွဲ့ အစည်းများဖြစ်ကြသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ၊စတော့အိပ်ချိန်းနှင့်ကောင်တာဈေးကွက်တို့သည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းကိုအောက်ပါအတိုင်း တိုးမြှင့်ဆောင်ရွက်ရမည် -

(က) နည်းပညာအသစ်များ သို့မဟုတ် ဝန်ဆောင်မှုအသစ်များနှင့်ချိတ်ဆက်ဖြစ်ပေါ်လာသောငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေများအားလုံးကိုသတ်မှတ်ဖော်ထုတ်ခြင်း၊ စိစစ်အကဲဖြတ်ခြင်း၊စောင့်ကြပ်ကြည့်ရှုခြင်း၊ စီမံခန့်ခွဲခြင်းနှင့် ကုစားခြင်းတို့အတွက် အစီအစဉ်များချမှတ်ထားရန်၊

(ခ) ဆုံးရှုံးနိုင်ခြေစိစစ်အကဲဖြတ်ခြင်းနှင့် သတိပြုရမည့် သတင်းအချက်အလက်များကို အချိန်နှင့်တပြေးညီ စာဖြင့်ရေးသား မှတ်တမ်းတင်ရမည်ဖြစ်ပြီး ငွေချေးသက်သေခံ

လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်က တောင်းခံလာသည့်အခါချက်ချင်းတင်ပြနိုင်ရေးအတွက် ပြုစုထားရန်၊

(ဂ) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ ယင်းဆုံးရှုံးနိုင်ခြေအဆင့်နှင့်အညီ အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များကို တိုးမြှင့်ဆောင်ရွက်ရမည့်အပြင် လွှဲပြောင်းဆောင်ရွက်မှု သို့မဟုတ် အခြားသော ဆောင်ရွက်မှုများသည်ပုံမှန်ဟုတ်-မဟုတ် ၊ သံသယဖြစ်ဖွယ်ရှိ-မရှိတို့နှင့်စပ်လျဉ်း၍ အထူးအလေးထားစိစစ်ပိုင်းခြားဆုံးဖြတ်ရန်၊

(ဃ) အကဲဖြတ်ချက်အရ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုနှင့် စပ်လျဉ်း၍ ဆုံးရှုံးနိုင်ခြေအဆင့်နိမ့်သည်ဟုဖော်ထုတ်ရရှိသည့်အခါ ယင်းဆုံးရှုံးနိုင်ခြေအဆင့်နှင့်အညီ ရှင်းလင်းလွယ်ကူသော အလေးထားစိစစ်ခြင်းများဆောင်ရွက်ရန်။

(င) ငွေကြေးခဝါချမှု သို့မဟုတ် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဟု သံသယရှိသည့်အခါ၌ဖြစ်စေ ၊ ဆုံးရှုံးနိုင်ခြေအဆင့်မြင့်မားသည်ဟု ဖော်ထုတ်ရရှိသည့်အခါ၌ဖြစ်စေ အထက်အပိုဒ်ခွဲ(ဃ)အရ လုပ်ငန်းနှင့်ဆောင်ရွက်သူအပေါ် ရှင်းလင်းလွယ်ကူသည့် အလေးထားစိစစ်ခြင်းဆိုင်ရာ ဆောင်ရွက်ချက်များကို အသုံးမပြုရန်။

၄။ သတင်းပို့အဖွဲ့အစည်းများသည် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူအပေါ် အလေးထားစိစစ်ခြင်းဆောင်ရွက်ချက်များပြုလုပ်ရာတွင် အကျိုးခံစားခွင့်ရှိသူပိုင်ရှင်၊ ပြည်တွင်းပြည်ပတွင်ဩဇာတိက္ကမရှိသူများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာတွင်ဩဇာတိက္ကမရှိသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့်၎င်းတို့နှင့်ဆက်နွယ်သူများမည်သူမည်ဝါဖြစ်ကြောင်းကိုဖော်ထုတ်ရာ၌ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ အခန်း(၈) ပုဒ်မ ၁၉၊ ပုဒ်မခွဲ(ဃ) နှင့်အညီဆောင်ရွက်ရမည်။

**မှတ်တမ်းများထိန်းသိမ်းထားရှိရန်လိုအပ်ချက်**

၅။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၂၃ အရသတင်းပို့အဖွဲ့အစည်းများသည် အောက်ပါတို့ကို မှတ်တမ်းထားရှိရမည် -

(က) အကျိုးခံစားခွင့်ရှိသူပိုင်ရှင်များနှင့် လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ မည်သူမည်ဝါဖြစ်ကြောင်း သတ်မှတ်ဖော်ထုတ်ခြင်းအတွက် ရယူထားသော သတင်းအချက်အလက်များ၏မိတ္တူများကိုမှတ်တမ်းတင်ထားရှိရမည်။

(ခ) လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်သူ၏သတင်းအချက်အလက်များအား အလေးထားစိစစ်ခြင်းမှရရှိသည့် မှတ်တမ်းများနှင့် စီးပွားရေးဆောင်ရွက်ချက်များအတွက် စာပေးစာယူပြုလုပ်ချက်မိတ္တူများကို လုပ်ငန်းနှင့်ဆက်သွယ်ဆောင်ရွက်မှုပြီးနောက်အနည်းဆုံး(၅)နှစ်အထိထိန်းသိမ်းထားရှိရမည်။

(ဂ) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ သို့သတင်းပေးပို့ချက်နှင့် ဆက်စပ်သည့် စာရွက်စာတမ်းများနှင့်ပေးပို့ခဲ့သည့်သတင်းပေးပို့ချက်များ၏ မိတ္တူများကို သတင်းပေးပို့ပြီးသည့်နေ့မှစ၍ အနည်းဆုံးငါးနှစ်အထိထိန်းသိမ်းထားရှိရမည်။

**ပြစ်ဒဏ်နှင့်အရေးယူဆောင်ရွက်ခြင်း**

၆။ သတင်းပို့အဖွဲ့အစည်းများသည် ဤညွှန်ကြားချက်ကို လိုက်နာရန်ပျက်ကွက်ပါက ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ(၃၇) နှင့် အခန်း(၁၁) ပါပြဋ္ဌာန်းချက်များနှင့်အညီ အပြစ်ပေးခြင်းခံရမည်။

**အထွေထွေ**

၇။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း၏သတင်းပို့အဖွဲ့အစည်းများသည် နိုင်ငံတော်သမ္မတရုံးက ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် ရက်စွဲဖြင့်ထုတ်ပြန်သော အမိန့်အမှတ် (၄၅/၂၀၁၉) ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဆိုင်ရာအမိန့်အတိုင်းတိကျစွာလိုက်နာဆောင်ရွက်ရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ

စာအမှတ်၊ ကော်မရှင်/ဈေးကွက်စုံစမ်း/၁၈၈၀/၂၀၁၉
ရက်စွဲ၊၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

ဖြန့်ဝေခြင်း

ရန်ကုန်စတော့အိပ်ချိန်း
ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ

မိတ္တူကို

ပြည်ထဲရေးဝန်ကြီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့
ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့